Myanmar Peace Monitor

# Weekly News Review

Issue 114, 19 - 25 July 2023




# ကျပ်နှစ်သောင်းတန် ငွေစက္ကူ
# ဒေါ်အောင်ဆန်းစုကြည် ကတ်နှင့်
# စစ်အုပ်စု၏ အလှုပ်အခတ်




# ကျပ်နှစ်သောင်းတန် ငွေစက္ကူ၊ ဒေါ်အောင်ဆန်းစုကြည် ကတ်နှင့် စစ်အုပ်စု၏ အလှုပ်အခတ်

## နိုဒါန်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့၏ တွေ့ဆုံခြင်းဆိုင်ရာ တဖက်သက်သတင်းစကားများမှ အစပြုကာ ၂၀၂၃ ခုနှစ် ဇူလိုင်လ၏ နောက်ဆုံးရက်သတ္တပတ်အတွင်း ကျပ်နှစ်သောင်းတန် ငွေစက္ကူများ ထုတ်ဖြန့်မည့်ကိစ္စ၊ တရားမဲ့ဖမ်းဆီးခံထားရသူ ဒေါ်အောင်ဆန်းစုကြည်အား နေရာပြောင်းရွှေ့မည်ဆိုသည့် သတင်းနှင့် အာဏာသိမ်းစစ်အုပ်စုတွင်း ဆောက်တည်ရာမရ ဖြစ်နေသည့် အလှုပ်အခတ်များစွာကို ကြားသိမြင်တွေ့ခဲ့ရပါသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် ကျပ်နှစ်သောင်းတန် ငွေစက္ကူများ ထုတ်ဖြန့်ရခြင်း၏ဖြစ်တန်ရာများ၊ ဒေါ်အောင်ဆန်းစုကြည်၏ပုံရိပ်ကို ထုတ်သုံးလာသည့် စစ်အုပ်စု၏လုပ်ရပ်နှင့် စစ်အုပ်စု၏ ဦးတည်ရာကို လေ့လာတင်ပြသွားပါမည်။

# ကျပ်နှစ်သောင်းတန် ငွေစက္ကူ

နိုင်ငံတဝှမ်းလုံးရှိ ဘုရားကျောင်း၊ ဇရပ်နှင့် စာသင်ကျောင်းပါ မီးရှို့ဖျက်ဆီးနေသည့် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့ခြေကုတ်ယူရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို တည်ဆောက်ကာ ဂုဏ်ယူဝံ့ကြွားနေပါသည်။ အလားတူ နိုင်ငံတဝှမ်း အရပ်သားပြည်သူပေါင်း ထောင်နှင့်ချီကာ သတ်ဖြတ်ပြီး သောင်းနှင့်ချီသည်အထိ အကျဉ်းထောင်၊ အချုပ်ထောင်များအတွင်း ဖမ်းဆီးထားသည့် အာဏာသိမ်းစစ်အုပ်စုသည် ဇူလိုင်လ ၂၃ ရက်နေ့၊ တစ်နှစ်ပြည့် ဆင်မွေးနေ့ကို တခုတ်တရထောပနာပြုလျက်ရှိသည်။




အဆိုပါအခဲ့ဖွယ်အကြောင်းအချက်နှစ်ရပ်ကို အကြောင်းပြုကာ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် ဆင်အရုပ်ပါ အစိမ်းနရောင် "၂၀၀၀၀" ကျပ်တန်ငွေစက္ကူများ ထုတ်ဖြန့်သွားမည်ဟု စစ်ကောင်စီလက်အောက်ခံ ဗဟိုဘဏ် က ကြေညာခဲ့သည်။ [1]

စစ်အာဏာသိမ်းကာလ မြန်မာနိုင်ငံ၏ ဘတ်ဂျက်လိုငွေပြမှုသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလကုန်တွင် တိုင်းပြည်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)၏၆ရာခိုင်နှုန်း နီးပါး ကျယ်ပြန့်လာမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ကာလတူထက် ၃ ဒသမ ၆ ရာခိုင်နှုန်း ပိုများလာမည်ဟု ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးစောင့်ကြည့်အဖွဲ့က၂၀၂၃ ခုနှစ်ဇွန်လအတွင်း တွေ့ရှိချက်များကို အစီရင်ခံထားပါသည်။ [2] အဆိုပါခန့်မှန်းချက်များသည် မြန်မာနိုင်ငံ

1 မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် သတင်းထုတ်ပြန်ချက် http://rb.gy/e04qe

2 Myanmar Economic Monitor June 2023: A fragile recovery. Key Findings http://rb.gy/z0f8f



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကြားကာလဗဟိုဘဏ်

အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

နှစ်သောင်းကျပ်တန်ငွေစက္ကူများအား အမျိုးသားညီညွတ်ရေးအစိုးရနှင့်
ယင်းအားဆက်ခံသောအစိုးရများက အသိအမှတ်ပြုမည်မဟုတ်ကြောင်းနှင့် တရားမဝင်ငွေစက္ကူများအဖြစ်
သတ်မှတ်ကြောင်း ကြေညာခြင်း

၁။ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာခြင်း ခံထားရသည့် တရားမဝင် အာဏာသိမ်း စစ်ကောင်စီ၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သော ဗဟိုဘဏ်က နှစ်သောင်းကျပ်တန် ငွေစက္ကူ အမျိုးအစားသစ်ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှစ၍ ရိုက်နှိပ်ထုတ်ဝေမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း တွေ့ရှိရသည်။

၂။ အဆိုပါလုပ်ရပ်သည် အဖက်ဖက်က အကြပ်တည်းဆိုက်နေသော တရားမဝင်အာဏာသိမ်း စစ်ကောင်စီအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေရန်နှင့် ပြည်သူလူထုအပေါ် ရက်စက်စွာ ဆင်နွှဲလျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများ စဉ်ဆက်မပြတ်ကျူးလွန်နိုင်ရန် လိုအပ်လျက်ရှိသည့်ဘဏ္ဍာရန်ပုံငွေကို အရေးပေါ်ဖြည့်တင်းနိုင်ရေးအတွက် အားထုတ် ငွေစက္ကူအမျိုးအစားသစ် တောင်ရိုက်ထုတ်ခြင်းအားဖြင့် ဆောင်ရွက်မှုအဖြစ် ကျွန်ုပ်တို့မှတ်ယူသည်။

၃။ တရားမဝင်အာဏာသိမ်းစစ်ကောင်စီကဖြစ်စေ၊ ယင်းအားဆက်ခံသော အဖွဲ့အစည်းတခုခုကဖြစ်စေ၊ ယင်း၏လက်အောက်ခံ အဖွဲ့အစည်းတခုခုကဖြစ်စေ ငွေစက္ကူအမျိုးအစားသစ် ရိုက်နှိပ်ထုတ်ဝေခြင်းသည် တရားဝင်မှု အလျှင်းမရှိသော လုပ်ရပ်ဖြစ်သည်။

၄။ တရားမဝင်ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေခြင်းကြောင့် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်စေခြင်းသည် ကျွန်ုပ်တို့ ပြည်သူများ၏ လုပ်အားနှင့် ချွေးနဲစာ စုဆောင်းငွေများကို တဖက်လှည့်ခိုးယူခြင်းပင် ဖြစ်သည်။ ယခင် ကျွန်ုပ်တို့နိုင်ငံသည် တရားမဝင်အာဏာသိမ်းစစ်ကောင်စီ၏ အဆင်ခြင်မဲ့ လုပ်ရပ်များကြောင့် အိမ်ထောင်စုများ၊ မကြုံဖူးသည့် ပဋိပက္ခအန္တရာယ်၊ ဆင်းရဲမွဲတေမှုနှင့် ကပ်ရောဂါတို့ကို စုပြုံခံစားနေရချိန်၌ ဒုက္ခအကြပ်အတည်း စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်သူလူထုအပေါ် ထပ်မံ၍ ဆိုက်ရောက် စေသည့် ငွေစက္ကူသစ် ရိုက်နှိပ်ထုတ်ဝေခြင်းသည် လက်ခံနိုင်ဖွယ်မရှိသော လုပ်ရပ်ဖြစ်သည်။

တဝှမ်း ပဋိပက္ခတိုက်ပွဲအခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပိုမိုကျဆင်းလာခြင်းနှင့် ငွေကြေးဖောင်းပွမှုများ ဆက်လက်ဖြစ်တည်နေခြင်းစသည်တို့နှင့် ပတ်သတ်နေသည်ဟု အစီရင်ခံစာက ဆိုပါသည်။

ကျပ် ၂၀၀၀၀ တန်ငွေစက္ကူအသစ်ထုတ်ဖြန့်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်းငွေကြေးဖောင်းဖွမှုမဖြစ်နိုင်ကြောင်း စစ်ကောင်စီလက်အောက်ခံ ဗဟိုဘဏ်၏ ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က ၎င်းတို့၏ ပြန်ကြားရေးဝန်ကြီးဌာနမှတဆင့် အကျယ်တဝံ့ ဝါဒဖြန့်လျက်ရှိပါသည်။ [3] ၎င်းတို့အနေဖြင့် "အဟောင်းပေး၊ အသစ်ယူ" ပုံစံမျိုးဖြင့် အစားထိုးလဲလှယ်ထုတ်ဝေမည်ဟု ပြောဆိုထုတ်ပြန်နေသော်လည်း ထုတ်ဝေမည့် ပမာဏကို အတိအလင်းမကြေညာနိုင်ခြင်းကပင် "အကန့်အသတ်မရှိ" ထုတ်ဝေမည် ဆိုသည့် သဘောမျိုး သက်ရောက်နေပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကတော့ အာဏာသိမ်းစစ်ကောင်စီ၏ ကျပ်နှစ်သောင်းတန် ငွေစက္ကူအား အသိအမှတ်မပြုကြောင်းနှင့် တရားမဝင်ငွေစက္ကူအဖြစ် သတ်မှတ်ကြောင်း ဇူလိုင်လ ၂၇ ရက်တွင် ကြေညာခဲ့သည်။ တရားမဝင်ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေခြင်းကြောင့် ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေခြင်းသည် ပြည်သူလူထု၏

3 မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်အား တွေ့ဆုံမေးမြန်းမှု http://rb.gy/pszlo

လုပ်အားနှင့် စုဆောင်းငွေများကို တဖက်လှည့် ခိုးယူခြင်းသာ ဖြစ်ကြောင်း ထုတ်ပြန်ချက်က ဆိုပါသည်။ [4]

## ဒေါ်အောင်ဆန်းစုကြည်ကဒ်

အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၎င်းတို့အား ဆန့်ကျင်နေကြသည့် နွေဦးတော်လှန်ရေးအင်အားစုများ၏ စုစည်းညီညွတ်မှုနှင့် အရှိန်အဟုန်ပြင်းပြင်း ရှန်းကန်တွန်းလှန်နေမှုအား ပြိုကွဲရပ်တန့်သွားစေရေးအတွက် အဓမ္မဖမ်းဆီးခံထားရသူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ်ကို အသုံးချရန် ကြိုးပမ်းနေပါသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခွင့်ပေးခဲ့သည်ဟုဆိုကာ တဖက်သတ်သတင်းစကားများထုတ်ဖြန့်ပြီး နွေဦးတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်စစ်၏ ပင်မအခက်အလက်များဖြစ်သော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF - LDF) များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တို့အား ဒေါ်အောင်ဆန်းစုကြည်မှ အသိအမှတ်မပြုကြောင်း မဟုတ်မဟက်ဝါဒဖြန့်ခဲ့သည်။ "တွေ့ဆုံဆွေးနွေးအဖြေရှာရေး" တွင် အမြဲတမ်းရပ်တည်လေ့ရှိသော ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ်နှင့် ဦးတည်ချက်သည် ၎င်းတို့၏ မအောင်မြင်သော စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုမှ ထွက်ပေါက်ရှာနေခြင်းဖြစ်ကြောင်း တွက်ဆနိုင်ပါသည်။

အာဏာသိမ်းစစ်အုပ်စုနှင့် ပတ်သက်ဆက်နွှယ်နေသော နိုင်ငံရေးပရောဟိတ်များ၊ နိုင်ငံရေးသမားများကလည်း ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို တခုတ်တရပြောဆိုကာ လက်ရှိကြုံတွေ့နေရသည့် မြန်မာ့အကျပ်အတည်းသည်ပင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ဖြေရှင်းမှုရနိုင်မည့် နက်ကြောင်းပေးမှုများကို သတင်းဌာနများကတဆင့် ပြောဆိုသုံးသပ်နေကြပါသည်။ အဓမ္မဖမ်းဆီးထောင်ချခြင်းခံထားရသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်အကျဉ်းထောင်မှ ဒုဝန်ကြီးအဆင့် နေထိုင်ရာအဆောက်အအုံသို့ပင် ပြောင်းရွှေ့ထားခြင်း၊ နေအိမ်အကျယ်ချုပ်ပြောင်းရွှေ့ရန်စီစဉ်နေခြင်း စသည်တို့ကို စစ်အုပ်စုမှ ဆောင်ရွက်နေသကဲ့သို့ သတင်းဖော်ပြချက်များကို အမည်မဖော်လိုသော သတင်းအရင်းမြစ်များအား ကိုးကားကာ ဇူလိုင်လနောက်ဆုံးအပတ်အတွင်း တွေ့ရှိနေရပါသည်။

4 "နှစ်သောင်းကျပ်တန်ငွေစက္ကူများအား အမျိုးသားညီညွတ်ရေးအစိုးရနှင့် ယင်းအားဆက်ခံသော အစိုးရများက အသိအမှတ်ပြုမည်မဟုတ်ကြောင်းနှင့် တရားမဝင်ငွေစက္ကူများအဖြစ်သတ်မှတ်ကြောင်း ကြေညာခြင်း " http://rb.gy/t0c0v

> ငွေထုတ်စက်ကို ထိန်းချုပ်ထားနိုင်သောစစ်အုပ်စု၏ ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေရန် ကြိုးပမ်းခြင်းသည် ၎င်းတို့၏ ငွေစက္ကူပြတ်လပ်လာမှုကို ဖာထေးရန် ကြိုးပမ်းခြင်းသာဖြစ်နိုင်ကြောင်း ...

## စစ်အုပ်စု၏ အလှုပ်အခတ်

စစ်အာဏာသိမ်းမှု ဆန့်ကျင်သော အကြမ်းမဖက်ဆန္ဒဖော်ထုတ်လှုပ်ရှားမှုမှသည် စစ်အာဏာရှင်စနစ် မှန်သမျှ အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအထိ မျှော်ရည်လိုလားချက်များ ခိုင်မာအားကောင်းလာခဲ့သည့် မြန်မာ့နွေဦးတော်လှန်ရေးသည် စစ်အာဏာသိမ်းရန် ကြိုးပမ်းနေသော စစ်အုပ်စုအတွက် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာရေးရာ စသည့် ဘက်ပေါင်းစုံမှ ထိုးနက်ဖိအားပေးလာနိုင်ခြင်းသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ စစ်အုပ်စုအတွင်း အလှုပ်အခတ်များ၊ ဂနာမငြိမ်မှုများကို မကြာခဏမြင်တွေ့လာရပါသည်။

နိုင်ငံတကာရင်းနှီးမြုပ်နှံမှုများ၊ ပို့ကုန်-သွင်းကုန်များမှတဆင့် အာဏာသိမ်းစစ်အုပ်စုထံ စီးဝင်နေသော ငွေကြေးလမ်းကြောင်းအား ထိထိရောက်ရောက်ဖြတ်တောက်နိုင်ခြင်း မရှိသေးသည့်တိုင် မြန်မာပြည်သူလူထု၏ နွေဦးတော်လှန်ရေးအား ထောက်ခံအားပေးသော အနောက်နိုင်ငံများ၏ ပစ်မှတ်ထားပိတ်ဆို့အရေးယူရေးလုပ် ဆောင်ချက်များသည် စစ်အုပ်စုအတွက် သက်ရောက်မှုကြီးမားစေပါသည်။ လက်နက်ကိုင်ခုခံတော်လှန်ရေး အင်အားစုများ၏ နိုင်ငံတဝှမ်းစစ်မျက်နှာဖြန့်ကျက်ကာ စစ်ရေးအရ ဖိအားပေးခံနေရခြင်းသည်လည်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ စစ်အသုံးစရိတ်ကို အကန့်သတ်မရှိ ပြန်းတီးစေခဲ့ပါသည်။ ထို့ကြောင့် ငွေထုတ်စက်ကို ထိန်းချုပ်ထားနိုင်သောစစ်အုပ်စု၏ ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေရန် ကြိုးပမ်းခြင်းသည် ၎င်းတို့၏ ငွေစက္ကူပြတ်လပ်လာမှုကို ဖာထေးရန် ကြိုးပမ်းခြင်းသာဖြစ်နိုင်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်သည်လည်း အာဏာသိမ်းစစ်အုပ်စုအတွက် ထုတ်ဖော်အသုံးပြုရမည့် လျှို့ဝှက်ကတ်တစ်ခု ဖြစ်နေပါသည်။ အကျိုးစီးပွားအပေါ် အခြေပြုကာ ရပ်တည်မှုနှင့် ဦးတည်ချက်ကွဲပြားနေကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်များအား ဒေါ်အောင်ဆန်းစုကြည်ကို အသုံးချကာ

သပ်လျိုသွေးခွဲနိုင်သကဲ့သို့ နွေဦးတော်လှန်ရေး အင်အားစုများအကြား စုစည်းညီညွတ်မှုကိုလည်း ဒေါ်အောင်ဆန်းကြည်၏ သတင်းစကားဖြင့် ပြိုကွဲသွားနိုင်သည်ဟု ရှုမြင်ထားပုံရပါသည်။

## သုံးသပ်တင်ပြချက်

၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်သည် တတိယအကြိမ်မြောက် အရေးပေါ်ကာလ (၆) လ၏ နောက်ဆုံးနေ့ဖြစ်သည်။ စစ်အာဏာသိမ်းမှုစတင်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှစတင်ပြီး တစ်နှစ်တာ အရေးပေါ်ကာလ တစ်ကြိမ်နှင့် (၆)လတာ သက်တမ်းတိုးမှုနှစ်ကြိမ်သာ ၎င်းတို့၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသော်လည်း "ပုံမှန်အခြေအနေမဟုတ်" ဟုဆိုကာ တတိယအကြိမ် ၆လတာ သက်တမ်းတိုးမှုကို စစ်ဗိုလ်ချုပ်ဟောင်း ဦးမြင့်ဆွေက ခွင့်ပြုပေးခဲ့သည်။

သို့သော် လပေါင်း (၃၀)အထိ ကြာမြင့်လာသော ၎င်းတို့၏စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကာလအတွင်း ပဋိပက္ခတိုက်ပွဲများ ပိုမိုအပြန့်ကျယ်ပြင်းထန်လာသကဲ့သို့စစ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် အရပ်သားပြည်သူပေါင်း နှစ်သန်းနီးပါးရှိလာခဲ့ပြီဖြစ်သည်။ စစ်ကောင်စီတပ်များ၏ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် အရပ်သားပြည်သူပိုင် နေအိမ်အဆောက်အအုံပေါင်း ခုနစ်သောင်းကျော်အထိ ရှိလာခဲ့သည်။ ယခုအခါ အဓမ္မဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများအား အကျဉ်းထောင်ပြင်ပသို့ ခေါ်ထုတ်ကာ သတ်ဖြတ်မှုများကိုပါ စစ်အုပ်စုက တရားဥပဒေမဲ့ ပြုလုပ်လာနေသည်ကို တွေ့ရသည်။

ဆိုရသော် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ပြန်မှုနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ပုံရိပ် သို့မဟုတ် ဒေါ်အောင် ဆန်းစုကြည် ကတ်ကို ထုတ်သုံးလာခြင်းသည် ပျက်သုဉ်းချို့တဲ့လာသော ၎င်းတို့၏ ဘဏ္ဍာရေးအား ပြန်လည်ဖြည့်တင်းရန် ကြိုးပမ်းခြင်းသာ ဖြစ်သကဲ့သို့ ဘက်ပေါင်းစုံမှ ဖိအားပေးလျက်ရှိသော နွေဦးတော်လှန်ရေးအင် အားစုများ၏ စုဖွဲ့မှုကို ပြိုကွဲစေနိုင်ရေးအတွက် သွေးတိုးစမ်းမှုတစ်ခုသာ ဖြစ်နိုင်ကြောင်း သုံးသပ်ရပါသည်။

အဓမ္မလုယူထားသည့် တိုင်းပြည်၏ အုပ်ချုပ်မှုအာဏာကို လက်လွှတ်ဆုံးရှုံးမခံနိုင်သော အာဏာသိမ်းစစ်အုပ်စု ဦးတည်ရာသည် မြန်မာပြည်သူလူထု၏ လက်ထဲမှ ငွေစက္ကူများအား တန်ဖိုးလျော့ကျသွားစေမည့်အရေးထက် ၎င်းတို့၏ စစ်အသုံးစရိတ်ဖာထေးနိုင်ရေးသည်သာ ဦးစားပေးဖြစ်နေသည်ဟု ရှုမြင်ရသကဲ့သို့ ၎င်းတို့၏ မအောင်မြင်သော စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကိုလည်းသက်တမ်းတိုးကာ ဆွဲဆန့်နေဦးမည်ဖြစ်ကြောင်း ဆင်ခြင်မိပါသည်။

# Weekly Highlight Quote



“အမျိုးသမီးတွေက နိုင်ငံရေး လောကထဲ၊ တော်လှန်ရေး လှုပ်ရှားမှုထဲမှာ ပါဝင်လာတာကို ကျမအနေနဲ့ အရမ်းသဘောကျတယ်။ အရင်တုန်းကလို အမျိုးသမီးဆိုတာ မီးဖိုချောင်ထဲ ချက်ပြုတ်နေရမယ်ဆိုတာမျိုး မဟုတ်ဘဲနဲ့ ဒီစစ်အာဏာသိမ်းပြီး နောက်ပိုင်းမှာတော့ အမျိုးသမီးတွေရဲ့ ပါဝင်မှုတွေ တော်လှန်ရေးထဲ ပါဝင်လာတဲ့ အမျိုးသမီးတွေရဲ့ကဏ္ဍတွေ ပိုမိုတွင်ကျယ်လာတာ တွေ့မြင်ရတယ်။ တောထဲကနေ လက်နက်ကိုင်ပြီး တော်လှန်နေကြတဲ့ အမျိုးသမီးတွေအပြင် နိုင်ငံတကာအဆင့်ထိ အဆင့်ဆင့်တိုင်းမှာ ဆိုရင် အမျိုးသမီးတွေ ပါဝင်လှုပ်ရှားနေကြတာ တွေ့ရတယ်”

မယုလှိုင်သင်း


ဒါရိုက်တာ (Justice Movement For Community – Innlay အဖွဲ့)

*(BNI-MPM တွင် ဖော်ပြထားသည့် “နိုင်ငံရေး တက်ကြွလှုပ်ရှားတဲ့သူလည်းဖြစ် Single Mom တယောက်လည်းဖြစ်တဲ့ Justice Movement For Community – Innlay အဖွဲ့ ဒါရိုက်တာ မယုလှိုင်သင်းနဲ့ အမေးအဖြေ” မှ ကောက်နုတ်ထားသည်)*


# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဇူလိုင်လ ၁၉ ရက်မှ ၂၅ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၅၅ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ရှမ်းပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၉ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




တစ်ပတ်အတွင်း မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း **၅၅**




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု


၁၉ - ၂၅ ဇူလိုင် ၂၀၂၃

**၁၆၀** စစ်ကောင်စီတပ်သားသေဆုံးမှု

**၁၃** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု


**၂၅** အရပ်သားသေဆုံးမှု




မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၇ ရက်




# စစ်ကိုင်း


မုံရွာ၊ ပုလဲ၊ ဟုမ္မလင်း၊ ရွှေဘို၊ တမူးနှင့် ယင်းမာပင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွား ခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇူလိုင်လ ၂၄ ရက်နေ့က ကား ၃ စီးဖြင့် ကင်းလှည့်လာသည့် စစ်ကောင်စီတပ်ဖွဲ့အား တန့်ဆည်မြို့သုသာန်အနီး၌ ပြည်သူ့ကာကွယ်ရေးတပ်ကပစ်ခတ်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။ [1] ဇူလိုင်လ ၂၁ ရက်နေ့က ယင်းမာပင်မြို့နယ်၊ စုန်းချောင်းကျေးရွာကို စစ်ကောင်စီတပ်က စီးနင်း တိုက်ခိုက်ခဲ့ပြီး ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင် ခြောက်ဦးနှင့် ပြည်သူခြောက်ဦးထက်မနည်းကို သတ်ဖြတ်ခဲ့သည်။[2] စစ်ကောင်စီတပ်လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ခင်ဦးနှင့်တမူးမြို့နယ်များမှ ဒေသခံပြည်သူ ၅ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်စစ်ကြောင်းထိုးလာသောကြောင့်ဟုမ္မလင်း၊ တမူး၊ ရေးဦးနှင့် ဆားလင်းကြီးမြို့နယ်များမှ ဒေသခံပြည်သူ ၂၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




1 တန့်ဆည်တွင် စစ်တပ်လှည့်ကင်းကားကို တိုက်ခိုက်မှု ၂ ဦး သေဆုံးဟုဆို https://tinyurl.com/26nsy4yb


2 စုန်းချောင်းရွာကို စစ်တပ် စီးနင်းတိုက်ခိုက်၊အရပ်သားများအပါအဝင် ၁၂ ဦး ထက်မနည်း သတ်ဖြတ်ခံရဟုဆို https://tinyurl.com/27fvgtmz

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၂ ရက်




# ကချင်


ဖားကန့်နှင့် ဗန်းမော်မြို့နယ်များမှာ စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် ဇူလိုင်လ ၂၀ ရက်နေ့က ရွှေကူမြို့နယ် ဧရာဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသည့် ဆင်တပ်ရွာအနီးတွင် စစ်ကောင်စီတပ်မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၀ ဦး သေဆုံးခဲ့သည်။ [3] ဇူလိုင်လ ၂၅ ရက် နေ့က ဖားကန့်မြို့၊ အေးမြသာယာအုပ်စု၊ စပျစ်ခူးမော်ကျေးရွာက အုပ်ချုပ်ရေးမှူးဟောင်း ဦးအောင်လင်းဆိုသူသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ [4]




3 ရွှေကူမြို့ ဆင်တပ်ရွာတိုက်ပွဲတွင် စစ်ကောင်စီတပ်သား ၁၀ ဦးသေဆုံး https://tinyurl.com/2eflpuyw


4 စပျစ်ခူးကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း သေနတ်နဲ့ပစ်သတ်ခံရ https://tinyurl.com/23zhfbvb

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၆ ရက်




## မကွေးတိုင်း


ပေါက်၊ ရေစကြို၊ နတ်မောက်နှင့် ပခုက္ကူမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂၉ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်သား ၃ ဦး သေဆုံးခဲ့သည်။ ဇူလိုင်လ ၂၄ ရက်နေ့က ပခုက္ကူမြို့နယ်၊ ဖလံအိုကျေးရွာနှင့် ဇီးကုန်း (၁) ကျေးရွာကြားမှာ မိုင်းနင်းမိပြီး သက်ကြီးပိုင်း အမျိုးသား ၁ ဦး သေဆုံးခဲ့သည်။ [5] ထို့အပြင် ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ ဂန့်ဂေါမြို့နယ် မြောက်ပိုင်းမှာ စစ်ကောင်စီက နေ့စဉ် လက်နက်ကြီးဖြင့် ပစ်ခတ်နေတာကြောင့် ဒေသခံ ၁၅၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေကြရသည်။ [6]




5 ပခုက္ကူမှာ မိုင်းနင်းမိပြီး သက်ကြီးပိုင်း အမျိုးသား ၁ ဦးသေဆုံး https://tinyurl.com/2xhftfcz

6 ပေါက်မြို့နယ်ရှိ ပျူစောထီးရွာ တိုက်ခိုက်ခံရ၊ ဂန့်ဂေါဒေသခံ ၁၅၀၀ ကျော် စစ်ဘေးရှောင် https://tinyurl.com/2ozvj3ml








## မန္တလေး

ဇူလိုင်လ ၂၄ ရက်နေ့က မတ္တရာမြို့နယ်၊ ညောင်အုပ်ရွာကို စစ်ကောင်စီတပ်က ဝင်ရောက်ပစ်ခတ်ခဲ့တာကြောင့် ဒေသခံ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့သည်။ [7]

7 မတ္တရာမြို့နယ် ညောင်အုပ်ရွာခံတစ်ဦး ပစ်သတ်ခံရပြီး လေးဦးအဖမ်းခံထားရ https://tinyurl.com/22bq7to7

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၇ ရက်





## ကရင်ပြည်နယ်


သံတောင်ကြီး၊ ကော့ကရိတ်နှင့် မြဝတီမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁ ဦး သေဆုံးခဲ့သည်။ အဆိုပါ တိုက်ပွဲများကြောင့် သံတောင်ကြီးနှင့် မြဝတီမြို့နယ်များမှ ဒေသခံပြည်သူ ၂၅၀၀ ကျော်သည် ဘေးလွှတ်ရာ တိမ်းရှောင်နေရသည်။

## မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၆ ရက်




## ပဲခူးတိုင်း


ညောင်လေးပင်၊ ကျောက်တံခါးနှင့် ကျောက်ကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၇၂ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်သား ၁ ဦး သေဆုံးခဲ့သည်။ ဇူလိုင်လ ၂၀ ရက်နေ့က ကျောက်တံခါးမြို့နယ်၊ နံ့ဇကျေးရွာအား စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးရာ နေအိမ် အတွင်းရှိနေသော ပြည်သူ သုံးဦးကိုပါ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့ရာ ၂ ဦး သေဆုံး၍ ၁ ဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ [8] ထို့အပြင် ဇူလိုင်လ ၂၅ ရက်နေ့က ဖြူးမြို့နယ်၊ အင်ပင်သာရွာ စာကြည့်တိုက်အနီးမှာ ဗုံးပေါက်ကွဲပြီး ကလေး ၁ ဦး ပွဲချင်းပြီး သေဆုံး၍ ၃ ဦး ဒဏ်ရာရခဲ့သည်။ [9]




8 စစ်ကောင်စီတပ်က ပြည်သူ ၃ ဦးအား အရှင်လတ်လတ်မီးရှို့သတ်ဖြတ် https://tinyurl.com/2xzvh7r6


9 ဖြူးမှာ စာကြည့်တိုက်အနီး ဗုံးကွဲလို့ ကလေး ၁ ဦးသေဆုံးပြီး ၃ ဦးဒဏ်ရာရ https://tinyurl.com/2d3wdwdw

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၄ ရက်




# ရှမ်း (သျှမ်း) ပြည်နယ်


မူဆယ်နှင့် ဖယ်ခုံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၊ ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၆ ဦး သေဆုံးခဲ့သည်။ ဇူလိုင်လ ၂၃ ရက်နေ့က မူဆယ်မြို့နယ်၊ ကောင်းထိုလင်တောင်ကုန်းရှိ စိန်ကျော့ ပြည်သူ့စစ်တပ်စခန်းဟောင်းမှ အစောင့် ၃ ဦးကို အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရခဲ့သည်။ [10] စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ညောင်ရွှေ၊ ဖယ်ခုံနှင့်မူဆည်မြို့နယ်များမှ ဒေသခံ ပြည်သူ ၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇူလိုင်လ ၂၃ ရက် နေ့က မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသရှိ နမ့်ပါတက်ကျေးရွာတွင် အမျိုးသားတစ်ဦး တောင်ယာသွားစဉ် မိုင်းနင်းမိပြီး သေဆုံးခဲ့သည်။ [11]




10 မူဆယ်မြို့နယ် စိန်ကျော့ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရ၊ တစ်ဦးသေ တစ်ဦးဒဏ်ရာ https://tinyurl.com/29h3cp62


11 မောက်မယ် ကဒူးကြီး အမျိုးသားတစ်ဦး တောင်ယာသွားနေစဉ် မိုင်းနင်းမိသေဆုံး https://tinyurl.com/2983rwn4

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၅ ရက်




# ကရင်နီ (ကယား) ပြည်နယ်


လွိုင်ကော်၊ ဖားဆောင်းနှင့် ဖရူဆိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်သား ၁ ဦး သေဆုံးခဲ့သည်။ ဇူလိုင်လ ၂၀ ရက်နေ့က စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် လွိုင်ကော်မြို့နယ်မှ အသက် ၂၀ ဝန်းကျင်အရွယ် အမျိုးသားတစ်ဦးသေဆုံးပြီး အရပ်သားလေးဦးထိခိုက်ဒဏ်ရာရခဲ့သည်။ [12] ထို့အပြင် ၂၀၂၀ ရွေးကောက်ပွဲတွင် ကရင်နီပြည်နယ်ဒီမိုကရက်တစ်ပါတီ (KSDP) မှ မယ်စဲ့မြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဦးကျော်ကျော်ထွန်းဆိုသူသည် ယခုရက်ပိုင်းအတွင်း မယ်စဲ့မြို့နယ်မှာ အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည်။ [13]




12 လွိုင်ကော်မြို့ နစ်နေရာမှာတိုက်ပွဲဖြစ်ပွားနေ၊ စစ်ကောင်စီပစ်ခတ်တဲ့လက်နက်ကြီးထိမှန်ကာ အမျိုးသားတစ်ဦးသေဆုံး https://tinyurl.com/2gcfmd8k


13 ၂၀၂၀ရွေးကောက်ပွဲမှာ KSDP ကနေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ဦးကျော်ကျော်ထွန်း အသတ်ခံရ https://tinyurl.com/2hk42zol

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၇ ရက်





## မွန်ပြည်နယ်

ရေး၊ ဘီးလင်းနှင့် သံဖြူဇရပ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၆ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်သား ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် သထုံမြို့နယ်၊ ရွှေရောင်ပြကျေးရွာထဲသို့ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် နေ့စဉ်ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူ ၃၀၀၀ ကျော် ဘေးလွတ်ရာ ထွက်ပြေးနေရသည်။ [14]




14 စစ်ကောင်စီတပ် လက်နက်ကြီးရန်ကြောင့် သထုံဒေသခံ ၃,၀၀၀ ကျော် စစ်ရှောင်နေရ https://tinyurl.com/25weyenh







## ရန်ကုန်

ဇူလိုင်လ ၂၀ ရက်နေ့က မြောက်ဒဂုံမြို့နယ် ၃၈ ရပ်ကွက် ရာဇာမိရာဇ်လမ်းနှင့် ခရေလမ်း ထောင့်မှာ ဘေးတွဲဆိုင်ကယ်မောင်းပြီး နေအိမ်ပြန်လာသည့် ဦးကျော်ဆန်းဝင်းဆိုသူသည် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။[15] အလားတူ ဇူလိုင်လ ၂၁ ရက်နေ့က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် စစ်ကောင်စီခန့် ရာအိမ်မှူး ဦးကျော်လွင်ဆိုသူသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ [16]

15 မြောက်ဒဂုံမြို့နယ်တွင် ဘေးတွဲဆိုင်ကယ်မောင်းသူတဦး ပစ်သတ်ခံရ https://tinyurl.com/2psruxj9

16 ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် စစ်ကောင်စီခန့် ရာအိမ်မှူး ပစ်ခတ်ခံရ၍သေဆုံး https://tinyurl.com/264fgxfz

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂ ရက်




## ရခိုင်ပြည်နယ်

ဇူလိုင်လ ၁၈ ရက်နှင့် ၁၉ ရက်နေ့များက ဘူးသီးတောင်မြို့နယ်၊ စိမ့်ညှင်းပြားကျေးရွာအနီးမှာ ခိုလှုံနေသည့် အာဆာ (ARSA) ရိုဟင်ဂျာလက်နက်ကိုင်တပ်နှင့် ရက္ခိုင်တပ်တော် (ULA/AA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ [17]


17 ဘူးသီးတောင်တွင် အာဆာနှင့် အေအေတို့ တိုက်ပွဲဖြစ် https://tinyurl.com/2lw4sc27

## မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၄ ရက်




# ချင်း

ဇူလိုင်လ ၂၁ ရက်မှ ၂၄ ရက်နေ့အထိ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေး မြို့တွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၁ ဦး သေဆုံး၍ ဒေသကာကွယ်ရေး တပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ [18]




18 ကျင်ဒွေးမြို့သို့ ရိက္ခာပို့သည့်စစ်ကြောင်း တိုက်ခိုက်ခံရ၍ ၄ ရက်အတွင်း ၁၁ ဦးသေဆုံး https://tinyurl.com/288rgkm5




မြန်မာနိုင်ငံ၏ လုံခြုံရေးသည် ကြိုတင်ခန့်မှန်းမှုမပြုလုပ်နိုင်သည့် အခြေအနေဖြစ်နေပြီး၊ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ မြေမြှုပ်မိုင်းနှင့် လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ဗြိတိန်နိုင်ငံသားများ အနေဖြင့် တိုင်းနှင့်ပြည်နယ် (၈) ခုကို လုံးဝ ခရီးမသွားကြရန် ဗြိတိန်နိုင်ငံခြားရေး၊ ဓနသဟာရနှင့်ဖွံ့ဖြိုးရေးဌာန (FCDO) မှ ထုတ်ပြန်ခဲ့ပါသည်။ တားမြစ်ခံရသည့် နေရာများတွင် မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ် (ကရင်နီပြည်နယ်)၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့ ပါဝင်ခဲ့ပြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ် အလယ်ပိုင်းတို့ကို ခရီးသွားလာမှုတားမြစ်ထားသော်လည်း မဖြစ်မနေ သွားလာရန်ရှိပါက သွားလာနိုင်သည့် ဒေသများဖြစ်ကြောင်း ဗြိတိန်အစိုးရမှ သတ်မှတ်ဖော်ပြခဲ့ပါသည်။ [1]

ဇူလိုင် ၂၀ ရက်တွင် စစ်ကောင်စီတပ်အတွက် ဝင်ငွေရှာပေးနေသည့် နိုင်ငံပိုင်အမှတ် (၂) သတ္တုတွင်းဌာနအပါအဝင် စစ်ကောင်စီတပ်၏ ဝန်ကြီး(၃)ဦးနှင့် စစ်ကောင်စီတပ်နှင့် ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်(၆)ဦးတို့အား ဥရောပသမဂ္ဂ (EU) မှ ထပ်မံဒဏ်ခတ်ကြောင်း ကြေညာခဲ့ပါသည်။ အရေးယူဒဏ်ခတ်ခြင်းခံရသူများတွင် စစ်ကောင်စီလူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးမြင့်ကြိုင်၊ အလုပ်သမားဝန်ကြီး ဦးပွင့်ဆန်းနှင့် ကျန်းမာရေး

1 စစ်ပဋိပက္ခနယ်မြေသို့ ခရီးမသွားရန် ဗြိတိန် နိုင်ငံခြားရေး သတိပေး
https://tinyurl.com/2fjuqhq5

“ စစ်ကောင်စီတပ်၏ အကြမ်းဖက်မှုများကြောင့် လူပေါင်း ၃၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည့်အပေါ် မြန်မာပြည်သူများနှင့်ထပ်တူ ပူဆွေးသောက ရောက်ရကြောင်း ... ”

ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဦးအောင်ကျော်မင်း၊ Porel အောင်သိန်းနှင့် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့ ပါဝင်ခဲ့ပါသည်။ [2]

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့အခြေစိုက် နာမည်ကျော်ကုန်တိုက်ကြီးတစ်ခုဖြစ်သော John Lewis Partnership ကုန်တိုက်အနေဖြင့် မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာများကို ရောင်းချခြင်းအား ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ဇူလိုင်လ ၂၅ ရက်တွင် ပြောဆိုလာခဲ့ပါသည်။ မြန်မာ့ကျောက်မျက်ရတနာများကို ဝယ်ယူရောင်းချပြီး စစ်ကောင်စီတပ်ကို ထောက်ပံ့သကဲ့သို့ မဖြစ်စေရန် John Lewis ကုန်တိုက်အပါအဝင် ကုမ္ပဏီ ၄၀ ခုကို မြန်မာ့အရေးလှုပ်ရှားနေသည့် Burma Campaign UK အဖွဲ့မှ တောင်းဆိုခဲ့ပြီးနောက် John Lewis ကုန်တိုက်မှ ယခုကဲ့သို့ အကြောင်းပြန်လာခဲ့ခြင်းဖြစ်ပါသည်။ [3]

မြန်မာနိုင်ငံတွင် စစ်ကောင်စီတပ်၏ အကြမ်းဖက်မှုများကြောင့် လူပေါင်း ၃၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည့်အပေါ် မြန်မာပြည်သူများနှင့်ထပ်တူ ပူဆွေးသောက ရောက်ရကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ဇူလိုင်လ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့သော ဦးဂျင်မီ၊ ဦးဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့၏ သေဒဏ်စီရင်ခံရသည့် တစ်နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် အဆိုပါထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။[4]

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးကျော်မိုးထွန်းအား လုပ်ကြံရန်ကြံစည်ရာတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲခံထားရသူ မြန်မာနိုင်ငံသား ဖြိုးဟိန်းထွဋ်ကို အပြစ်ကျူးလွန်ကြောင်း တွေ့ရှိသည်ဟု နယူးယောက် တောင်ပိုင်းခရိုင်တရားရုံးက ဆုံးဖြတ်ချမှတ်ခဲ့ပြီး၊ လာမည့် ၂၀၂၄ ခုနှစ် မတ် ၁၄ ရက်တွင်ခရိုင် တရားသူကြီး နယ်ဆင်အက်စ်ရိုမန်း၏ ရှေ့မှောက်တွင် ပြစ်ဒဏ်စီရင်ချက် ချမှတ်မည်ဖြစ်ပါသည်။ [5]

---

2 စစ်ကောင်စီ နှင့် ဆက်နွယ် လူပုဂ္ဂိုလ် ၆ ဦး နှင့် သတ္တုတွင်းလုပ်ငန်း EU ထပ်မံ ဒဏ်ခတ်
https://tinyurl.com/2kh95mgh

3 ဗြိတိန်နာမည်ကျော်ကုန်တိုက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းချမှု ရပ်ဆိုင်းမယ်
https://tinyurl.com/2bmhwbnm

4 အာဏာသိမ်းပြီးနောက် အသက်ဆုံးရှုံးမှုတွေအတွက် ပူဆွေးရကြောင်း ကန်သံရုံးထုတ်ပြန်
https://tinyurl.com/2xny7cfg

5 ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးအား လုပ်ကြံရန် ကြိုးပမ်းသူကို အပြစ်ရှိကြောင်း ချမှတ်
https://tinyurl.com/24ee49uv

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။